ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**သတင်းကြေညာချက်**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော်( ၁)ရက်

၂၀၁၃ခုနှစ်၊ ဧပြီလ( ၂၆ )ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ခုနှစ်၊ ဇွန်လ(၁၅)ရက်နေ့မှ(၂၇)ရက်နေ့ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (၅၀)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်း၊ကျောက်မျက်အတွဲများကို ၂၀၁၃ခုနှစ်၊ မေလ(၆)ရက်နေ့မှ (၃၁)ရက်နေ့ထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ (၅၀)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါ က မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)၊ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မြစ်ကြီးနားမြို့၊ခန္တီးမြို့၊မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များနှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊မန္တလေး(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**သတင်းကြေညာချက်**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော်( ၁ )ရက်
၂၀၁၃ခုနှစ်၊ ဧပြီလ( ၂၆ )ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ခုနှစ်၊ ဇွန်လ(၁၅)ရက်နေ့မှ(၂၇)ရက်နေ့ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂။ (၅၀)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှ(၁၄)ရက်နေ့ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်) တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**